ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေဩဇာကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၅ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက် )

## တားမြစ်ပိတ်ပင်ထားသော မြေဩဇာများအား ထုတ်ပြန်ကြေညာခြင်း

၁။ မြေဩဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေဩဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေဩဇာလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေဩဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေဩဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေဩဇာဥပဒေပုဒ်မ ၄၆(ခ) နှင့် မြေဩဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ မြေဩဇာများအား တားမြစ်ပိတ်ပင်လိုက်သည်။

(က) Ammonium Nitrate မြေဩဇာ

(ခ) Ammonium Nitrate ကို အခြေပြုသော ကွန်ပေါင်းမြေဩဇာများတွင် Nitrogen ပါဝင်မှု ၂၆% နှင့် အထက်ရှိမြေဩဇာများ

၂။ အပိုဒ်(၁)ပါအချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိသော မြေဩဇာလုပ်ငန်း လုပ်ကိုင်သူများသည် မြေဩဇာဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

( လှကျော် )
ဥက္ကဋ္ဌ
မြေဩဇာကော်မတီ

စာအမှတ်၊ မြေဩဇာ/၂၀၁၉-၂၀၂၀( ၆၅၅ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်

ဖြန့်ဝေခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး
မြေသြဇာကော်မတီဝင်များအားလုံး
မြေသြဇာဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်<br>ထည့်သွင်းကြေညာပေးပါရန်။ |

ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန

( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေသြဇာကော်မတီ